ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

နေပြည်တော်

# အမိန့်ကြော်ငြာစာအမှတ် ( ၆၃ / ၂၀၁၆ )

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

၁။ လုံးခင်းဖားကန့်ရတနာနယ်မြေတွင်ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် လုံးခင်း၊ ဖားကန့်ရတနာနယ်မြေ ကျောက်စိမ်း တူးဖော်မှုလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဦးတင်စန်းအောင် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)

(ခ) ဦးမောင်မောင်သက် — အဖွဲ့ဝင်
မြို့နယ်အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖားကန့်မြို့နယ်

(ဂ) ရဲမှူးမြင့်ဆွေ — အဖွဲ့ဝင်
မြို့နယ်ရဲတပ်ဖွဲ့မှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ဖားကန့်မြို့နယ်

(ဃ) ဦးကျော်လင်း — အဖွဲ့ဝင်
အမှုဆောင်အရာရှိ
စည်ပင်သာယာရေးဦးစီးဌာန၊ ဖားကန့်မြို့နယ်

(င) ဦးညွှန့်ဝင်း — အဖွဲ့ဝင်
ဦးစီးအရာရှိ
ဖားကန့်မြို့နယ်၊ သစ်တောဦးစီးဌာန

(စ) ဦးတင်ညီညီ — အဖွဲ့ဝင်
မြို့နယ်ဦးစီးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဖားကန့်မြို့နယ်

(ဆ) ဒေါ်မြိုးမြိုးဝင်း အဖွဲ့ဝင်
မြို့နယ်ဦးစီးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖားကန့်မြို့နယ်

(ဇ) ဦးဇော်လတ် အဖွဲ့ဝင်
မြို့မိ မြို့ဖ၊ ဖားကန့်မြို့နယ်

(ဈ) ဦးခွန်ငြေးကျော် အတွင်းရေးမှူး
ခေတ္တ ဒုတိယညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)

၂။ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဖားကန့်ရတနာနယ်မြေအတွင်း ကျောက်စိမ်းတူးဖော်ထုတ်လုပ်နေသော နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများကမြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ၊ ခွင့်ပြုမိန့်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တူးဖော်လုပ်ကိုင်စေရေးကို ကြပ်မတ်ဆောင်ရွက်သွားရမည်၊

(ခ) တူးဖော်ထုတ်လုပ်ရရှိသော ကျောက်စိမ်းများ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသောဒေသများသို့ သယ်ယူရေး ကြပ်မတ်ဆောင်ရွက်ရမည်၊

(ဂ) ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်မှုမရှိသော ကုမ္ပဏီများစည်းကမ်းချိုးဖောက်သောကုမ္ပဏီများရှိပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှတစ်ဆင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်သွားရမည်၊

(ဃ) ဖားကန့်ရတနာနယ်မြေအတွင်း တရားမဝင်ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရမည်၊

(င) တရားမဝင်ကျောက်စိမ်းရိုင်းရှာဖွေသူများ လျော့နည်းပပျောက်စေရေးအတွက် လိုအပ်သည့် ဌာန/ အဖွဲ့အစည်းများဖြင့်ပေါင်းစပ်၍ နည်းလမ်းများရှာကြံ ဆောင်ရွက်ရမည်

(စ) ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာလုပ်ကွက်များ တူးဖော်လုပ်ကိုင်နိုင်ရန်အတွက် အများသုံး မြေစာပစ်လမ်း၊ ဝင်လမ်း၊ ထွက်လမ်းများသတ်မှတ်ခြင်း၊ မြေစာစွန့်ပစ်ရန်နေရာများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရမည်၊

(ဆ) ကျောက်စိမ်းမိုင်းများကို ရေမျှော်တိုက်၍ ရှာဖွေပါက နုန်းဝကန်ရေကြည်ကန်များပြုလုပ်စေပြီး တစ်နှစ်ပတ်လုံးရှိ၍ ညွှန်ရေများအနည်ထိုင်ပြီး ရေကြည်များသာချောင်းအတွင်းသို့ စီးဆင်းရေး စီမံဆောင်ရွက်သွားရန် ကြီးကြပ်ရမည်၊

(ဇ) ရတနာနယ်မြေအတွင်းရှိ ဥရုချောင်းနှင့် ချောင်းလက်တက်များ ရေစီးရေလာကောင်းမွန်စေရေး ချောင်းများအတွင်း မြေစာများမစွန့်ပစ်စေရေးကို ကြီးကြပ်စီမံဆောင်ရွက်သွားရမည်၊

(ဈ) မြေစာစွန့်ပစ်ရန် သတ်မှတ်ထားသည့် စုပေါင်းမြေစာပုံနေရာများတွင် မြေစာများလျှောမကျစေရေး၊ ရှုံ့နှင့်ကနယ်များစီးကျမှုမရှိစေရေးအတွက် မြေစာပုံထိန်းချုပ်မှု လုပ်ငန်းများကို သက်ဆိုင်ရာ ကုမ္ပဏီများက (Bench)ပြုလုပ်ခြင်းများကို ဆက်လက်ထိန်းသိမ်းခြင်း၊ အသစ်ပြုလုပ်ခြင်းများ စီမံဆောင်ရွက်သွားရန် ကြီးကြပ်ရမည်၊

(ည) ဥရုချောင်းရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ဥရုချောင်း၏ရေစီးရေလာ ကောင်းမွန်စေရေး ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများနှင့်ပူးပေါင်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်ပါအတိုင်းအစီအမံများ ရေးဆွဲဆောင်ရွက်ရမည်၊

(ဋ) ဥရုချောင်း ဝဲ/ယာတွင် လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံများ၊ မြေသားတာတောင်များ၊ လှေကားထစ်မြေသားနေရာများ ဆောင်ရွက်နိုင်ရေးကို စီမံကြီးကြပ်ရမည်၊

(ဌ) ဥရုချောင်းကြမ်းပြင်နိမ့်ကျခြင်း၊ရေလမ်းကြောင်းဖြောင့်တန်းခြင်း၊ ချောင်းခဲ့ခြင်းတို့မှ ထွက်ရှိလာသောမြေစာများတွင် ရွှေသတ္တုရှာဖွေခြင်း၊ကျောက်စိမ်းရှာဖွေခြင်းကို မည်သည့်ကုမ္ပဏီ၊ အသင်း၊ ပုဂ္ဂလိကတို့မှလုပ်ဆောင်ခြင်းကိုခွင့်မပြုရေးနှင့် တွေ့ရှိသောကျောက်စိမ်းနှင့်ရတနာများ၊ရွှေသတ္တုများကို နိုင်ငံတော်ပိုင်အဖြစ် အပ်နှံသွားနိုင်ရေးနှင့် သိမ်းဆည်းရယူနိုင်ရေး ဆောင်ရွက်ရမည်၊

(ဍ) စွန့်ပစ်မြေစာပုံနေရာများ ရေဝေရေလဲဒေသများနှင့် ဥရုချောင်းဝဲ/ယာတစ်လျှောက်တွင် သစ်တော၊ သစ်ပင်များစိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးခဲ့သောသစ်ပင်၊ သစ်တောများရှင်သန်ကြီးထွားရေးအတွက် စီမံဆောင်ရွက်ရမည်၊

(ဎ) လုံးခင်း၊ဖားကန့်ရတနာနယ်မြေရှိ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများကို လုပ်ငန်းရှင်များအနေဖြင့် အဆင်ပြေချောမောစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်၊

(ဏ) ရတနာနယ်မြေများတွင်လုပ်ကွက်(အသစ်)များ အကွက်ရိုက်သတ်မှတ်ရန်လိုအပ်ပါက လုပ်ကွက်သတ်မှတ်ခြင်းကို ဆောင်ရွက်ရမည်၊

(တ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်များအပေါ် အကောင် အထည်ဖော်ဆောင်ရွက်ရမည်၊

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄ ခွဲ (၁) ၁၆/ သတ္တု ၊ ၉၅၈၆

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတဦးစီးရုံးများ

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

အဖွဲ့ဝင်များအားလုံး

ဤဝန်ကြီးဌာန၊ ဦးစီးဌာန/လုပ်ငန်းအားလုံး

ညွှန်ကြားရေးမှူးချုပ်

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

(ပုံ)

ဌေးအောင်

အမြဲတမ်းအတွင်းဝန်